# နေ့စဉ်တိုင်းရင်းသားသတင်းများ စုဆောင်းတင်ပြခြင်း

(No. 105 , June 11, 2021)

၁။ နမ့်လန် တောင်သူပိုင် မြေယာဧက (၆၀၀)ကျော် RCSS/SSA တပ်မှ သိမ်းယူ

၂။ NCA ကို တိကျစွာ လိုက်နာမည်ဟု KNLA စစ်ဦးစီးချုပ် ထုတ်ပြန်

၃။ ဒီးမော့ဆိုမြို့ကို ထိန်းချုပ်နိုင်ရေး အာဏာသိမ်းတပ် ကြိုးပမ်း

၄။ ချင်းပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင် ၂၇ ဦးသေဆုံး

၅။ AA စစ်ဦးစီးချုပ်၏ ညီနှင့်ညီမ အပါအဝင် တရားစွဲခံထားရသူ ၁၀ ဦး ပြန်လွတ်

၆။ လွိုင်ကော်တွင် အကြမ်းဖက်စစ်တပ်က လက်နက်ကြီးဖြင့်ပစ်ခတ်၊ လူငယ် ၁ ဦး သေဆုံး

၇။ မင်းတပ်တွင် တိုက်ပွဲကြောင့် ဒေသခံပြည်သူသောင်းချီ ဘေးလွတ်ရာတိမ်းရှောင်

၈။ သံတွဲ PDF ဖွဲ့စည်းမှု ဂယက်ရိုက်

၉။ စပ်တပ်၏ သတ်ဖြတ်မှုကြောင့် ရက် ၁၀၀ ကျော်အတွင်း လူပေါင်း ၉၀၀ နီးပါး သေဆုံး

၁၀။ စစ်တပ်အာဏာသိမ်းပြီးနောက် မူဆယ်တွင် ကားခိုးမှုနှင့် လောင်းကစားဝိုင်းများ ပိုမိုများပြားလာ

၁၁။ ယုဇန ကုမ္ပဏီထံမှ သိမ်းယူထားသောမြေယာနှင့်ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ ရယူခြင်းမပြုရန် KIO သတိပေး

၁၂။ ကချင်တွင် လပိုင်းအတွင်း စစ်ရှောင်အသစ်ထပ်တိုးလာကြောင်းနှင့် ကူညီထောက်ပံ့မှုလိုအပ်နေကြောင်း အရပ်ဘက်အ ဖွဲ့အစည်းများထုတ်ပြန်

၁၃။ လိုင်ဇာမြို့အနီး ခယာဘွမ့်တွင် ရိက္ခာပို့နိုင်ရန် ဒေါ့ဖုန်းယန် မှ ကားလမ်းတစ်လျှောက် စစ်အင်အားတိုးချဲ့ချထား

၁၄။ ရှဒူးဇွပ်စစ်ရှောင်များ ရေဘေးမှလွတ်မြောက်ရေး နေရာအသစ်တွင် ပြောင်းရွှေ့ရန်ခက်ခဲနေ

၁၅။ လွိုင်ကော်မြို့မှာ လက်နက်ကြီးထိမှန်မှုကြောင့် လူငယ်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

၁၆။ အကြမ်းဖက် စစ်ကောင်စီတပ်မှ အင်အား ၃၀၀ ခန့် ဆီးဘူးဒေသကနေ ဒီးမော့ဆို လမ်းကြောင်းအတိုင်း ဦးတည်ပြီး ခရီးဆက်နေ

၁၇။ ကလေးများကို ကျောင်းပေးတက်ရန် BGF ဖိအားပေးပြောဆိုနေဟု ဒေသခံဆို

၁၈။ သံတောင်ကြီး ၁၃ မိုင် ပစ်ခတ်မှု စစ်ကောင်စီဘက်မှ တစ်ဦးသေဆုံး

၁၉။ နေအိမ်အတွင်း တပ်စွဲထားသောကြောင့် ဖလူးဒေသခံအချို့ နေအိမ်မပြန်နိုင်သေး

၂၀။ နိုင်ငံရေးပါတီဝင်စာရင်းများ ပြုစုပြီးပေးပို့ရန် စစ်ကောင်စီ၏ UEC အကြောင်းကြား

၂၁။ ကယားတွင် တိုက်ပွဲပြင်းထန်လာဖွယ်ရှိဟု KNDF ဆို

၂၂။ လွှတ်တော်အမတ်လောင်း မိဝေသီဖြိုးအား လုပ်ကြံသည့် အကြမ်းဖက်လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချကြောင်း မွန်ပြည် သစ်ပါတီနှင့် မွန်ညီညွတ်ရေးပါတီ ထုတ်ပြန်

၂၃။ TNLA မှ ဖမ်းဆီးထားသည့် ရေအိုးကျေးရွာသားတစ်ဦး ကျန်းမာရေးစိုးရိမ်နေရ

၂၄။ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တာဝန်မှရပ်နားရန် KIA/KIO ညွှန်ကြား

*********************

## ၁။ နမ့်လန် တောင်သူပိုင် မြေယာဧက (၆၀၀)ကျော် RCSS/SSA တပ်မှ သိမ်းယူ

June 10, 2021

သျှမ်းပြည်မြောက်ပိုင်း နမ့်လန်မြို့ အနောက်ဖက်ရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေဧက ( ၆၀၀) ကျော်ကို သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှ သိမ်းယူသည်ဟု ဒေသခံများ ပြောပြချက်အရ သိရသည်။ RCSS/SSA မှ သိမ်းယူထားသည့် မြေယာများသည် နမ့်လန်မြို့ အနောက်ဖက် ဝမ်းလီ-နမ့်လန်- နားမခေါ် ကားလမ်းမကြီးမှ သီပေါ-ကုန်းသာ အထိရှိ မြေနေရာများသည် ဘိုးဘွားပိုင် လယ်ယာမြေ ဧကပေါင်း (၆၀၀) ကျော် အတင်းအဓမ္မသိမ်းယူသွားကြောင်း သိမ်းဆည်းခံရသည့် တောင်သူများက သျှမ်းသံတော်ဆင့်ကို ပြောသည်။ " ကျနော်တို့ နှစ်စဉ်လုပ်စားနေတဲ့ မြေယာမြေကို RCSS က မတရားသိမ်းသွားတယ်။ ဘာကြောင့်သိမ်းလည်း မေးတော့လည်း မပြောဘူး။ ကျနော်တို့ ဝမ်းရေးအတွက် မိသားစုအတွက်တော့ အခက်အခဲဖြစ်တာပေါ့" ဟု လယ်ယာမြေ သိမ်းခံရသည့် အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

သိမ်းခံရသည့် လယ်ယာမြေပိုင်ရှင်ပေါင်း (၁၅၀) ကျော်ရှိပြီး၊ ဧကပေါင်း (၆၀၀) ကျော်ရှိကြောင်းလည်း သိရသည်။ လွန်ခဲ့သည့် မေ ၂၁ ရက် တွင် RCSS/SSAမှ လယ်ယာမြေ ပိုင်ရှင်များကို နမ့်လန်မြို့နယ်အတွင်းရှိ တောအုပ်ထဲသို့ ခေါ်ဆောင်သွားပြီး လယ်ယာမြေသိမ်းဆည်းသွားမည့် ကိစ္စကို ပြောဆိုခဲ့ရာ၊ တောင်သူများက မည်သည့်အကြောင်းကြောင့် သိမ်းဆည်းသည်ကို မေးမြန်းခဲ့သော်လည်း အထက်အမိန့်အရ ဟု ဖြေကြားခဲ့ကြောင်း သိရသည်။ ထိုသိမ်းဆည်းထားသည့် မြေယာပေါ်လာရောက်စိုက်ပျိုးမည်ဆိုပါက တအိမ်လျှင် စစ်သားတယောက် လုပ်ပေးရမည် သို့မှမဟုတ် ပစ်သတ်မည်ဟုလည်း တောင်သူများကို ခေါ်တွေ့ခဲ့စဉ်က RCSS/SSA တပ်မှ ပြောဆိုခဲ့ကြောင်း လယ်ယာသိမ်းဆည်းခံရသည့် သူများက ပြန်ပြောပြသည်။ RCSS/SSA အနေဖြင့် တောင်သူလယ်သမားများထံ မြေယာ အတင်းအဓမ္မသိမ်းဆည်းခွင့်မရှိကြောင်း၊ သိမ်းဆည်းသည့်သူကိုလည်း ပေါ်လစီအရ အရေးယူသွားမည်ဖြစ်ပြီး၊ ထိုကဲ့သို့ ကျေးရွာပြည်သူများပိုင်ဆိုင်သည့် မြေယာကို သိမ်းဆည်းသည့်သတင်းရှိပါက RCSS/SSA ၏ ဗဟိုဌာနကို တိုင်ကြားနိုင်ကြောင်း လည်း RCSS/SSA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ခမ်းစံက သျှမ်းသံတော်ဆင့်ကို ပြောသည်။ နမ့်လန်မြို့ ပြည်သူပိုင်မြေယာနှင့် ပတ်သက်ပြီး ဗိုလ်မှူးခမ်းစံ က "ဒီကိစ္စက ကျနော်တို့ မသိရသေးပါဘူး၊ အရင်တုန်းကရွာနယ်မြေပြဿနာကို ရွာသူ/ရွာသားတွေက မဖြေရှင်းနိုင်တဲ့အခါတွေဆိုလည်း (RCSS/SSA) နာမည်ကို အသုံးပြုပြီးဒီလို မြေယာသိမ်းမှုတွေရှိခဲ့ဖူးပါတယ် ကျွန်တော်တို့ ပေါ်လစီမှာ ဒီလိုမျိုးလုပ်ဖို့ ခွင့်မပြုနိုင်ပါဘူး၊ ကျနော်တို့ အဖွဲ့ကလူ တကယ်လုပ်ကြောင်း ကျနော်တို့က စစ်ဆေးပေါ်ပေါက်ခဲ့ရင်တော့ ကြီးလေးစွာ အပစ်ပေးခံ ရမှာဖြစ်ပါတယ်" ဟု ဆိုသည်။ https://burmese.shannews.org/archives/22486

*****************

## ၂။ NCA ကို တိကျစွာ လိုက်နာမည်ဟု KNLA စစ်ဦးစီးချုပ် ထုတ်ပြန်

9 June 2021

ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) အနေဖြင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ပတ်သက်လျှင် မူဘောင်များအတိုင်းတိကျစွာ လိုက်နာကျင့်သုံးမည်ဟု စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီက သဘောထားကြေညာချက် ထုတ်ပြန်လိုက်သည်။ ထုတ်ပြန်သည့် ဗိုလ်ချုပ်ကြီး စောဂျော်နီ၏ စာတွင် KNLA အနေဖြင့် မေ ၁၀ ရက်က ထုတ်ပြန်သည့် ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ သဘောထား လမ်းညွှန်ချက် အတိုင်း လိုက်နာသွား မည်ဖြစ်ကြောင်းလည်း ပါရှိသည်။

မေလ ၁၀ ရက် ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဘသဘောထားလမ်းညွှန်ချက်စာမှာ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲ အချိန်အခါ အခြေအနေတခု၌ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းရန်ကြိုးပမ်းလာသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရသဖြင့် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းကောင်းဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာရန်ဟူ၍ ဖြစ်သည်။ ထိုစဉ်က KNU ဥက္ကဋ္ဌ၏ သဘောထားနှင့် ပတ်သက်ပြီး ကရင်အမျိုးသား အစည်းအရုံးအတွင်း ကြိုဆို

သူများ ရှိသကဲ့သို့ စစ်ကောင်စီ၏ တပ်များနှင့် ထိတွေ့တိုက်ပွဲ ဖြစ်နေသည့် KNU တပ်မဟာ ၅ ကမူ လူကြီးတယောက်၏ သဘောထားသာဖြစ်ပြီး မဖြစ်မနေလိုက်နာရမည့် အမိန့်မဟုတ်ဟု သတ်မှတ်ကာ မိမိတို့လုပ်စရာရှိသည့်အလုပ်များကို ဆက်လက်လုပ်ဆောင်မည်ဟု ရေဝတီကို ထုတ်ဖော်ပြောဆိုမှုများလည်း ရှိခဲ့သလို တချို့သော ကရင်အရပ်ဖက်အဖွဲ့အစည်း တချို့က ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ရှိခဲ့သည်။

ထိုသို့ ဝိဝါဒ ကွဲပြားမှုများ အကြား တလခန့်အကြာတွင် KNLA စစ်ဦးစီးချုပ်က ယခုကဲ့သို့ KNU ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အတိုင်း လိုက်နာခံယူသွားမည်၊ KNLA သည် KNU က လက်မှတ်ထိုးထားသော တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မူဘောင်အတိုင်း တိကျစွာ လိုက်နာမည်ဖြစ်၍ KNLA တပ်ဖွဲ့ဝင် အားလုံးအနေနှင့် စစ်စည်းကမ်းနှင့်အညီ တိကျစွာ လိုက်နာကြရန် စသည်တို့ ရေးသားလာခြင်းဖြစ်သည်။ လက်ရှိကာလတွင် KNU လက်အောက်ခံ KNLA တပ်မဟာ (၅) နှင့် စစ်ကောင်စီလက်အောက်ခံ မြန်မာစစ်တပ် ၊ ရဲ နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF) တို့ အကြား တိုက်ပွဲတချို့ဖြစ်ထားပြီး စစ်ရေးတင်းမာနေသည်။

https://burma.irrawaddy.com/news/2021/06/09/2 42729.html

****************

## ၃။ ဒီးမော့ဆိုမြို့ကို ထိန်းချုပ်နိုင်ရေး အာဏာသိမ်းတပ် ကြိုးပမ်း

9 June 2021

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင်း စစ်ကောင်စီကို တော်လှန်တိုက်ခိုက်နေသည့် ကရင်နီ အမျိုးသား ကာကွယ်ရေးတပ် (KNDF) နှင့် ဒီးမော့ဆို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ (PDF) ကို ချေမှုန်းပြီး မြို့ကို ထိန်းချုပ်နိုင်ရန်အတွက် အာဏာသိမ်းစစ်တပ်က ကြိုးပမ်းနေလျှက်ရှိသည်။ စစ်ကောင်စီဘက်က ဒီးမော့ဆိုမြို့ တခုလုံးကို ထိန်းချုပ်နိုင်ရန်အတွက် KNDF နှင့် PDF တပ်များ လှုပ်ရှားနေသည်ဟု ယူဆသည့် မြို့တွင်း ရပ်ကွက်များကို လက်နက်ကြီး ကျည်များဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်နေရာ ဒေါ်င်ခါးရပ်ကွက်သည် လက်နက် ကြီးများဖြင့် နေ့စဉ်ရက်ဆက် ပစ်ခတ်ခံနေရသည်။

ဒီးမော့ဆို PDF အဖွဲ့၏ ပြောရေးဆိုခွင့် ရှိသူတဦးက "ဒီနေ့ သူတို့ လက်နက်ကြီးနဲ့ လှမ်းပစ်နေတယ်။ ထိပ်တိုက်တော့ မတွေ့ သေးဘူး။ ဒေါ်င်ခါးမှာ အခြေအနေက ရပ်ကွက်ထဲကို သူတို့ဝင်လာရင် ကျနော်တို့နဲ့ ထိပ်တိုက်တွေ့တယ်။ သူတို့ လက်နက် ကြီးနဲ့ ပစ်လို့ ကျနော်တို့ နောက်ဆုတ်တယ်ဆိုရင် သူတို့က ဝင်လာပြီး အိမ်တွေကို မီးရှို့သွားတယ်။ ဒီ ၁ ရက် ၂ ရက်အတွင်း မှာက သူတို့ လက်နက်ကြီးတွေနဲ့ပဲ ပိုပစ်နေတယ်" ဟု ပြောသည်။ ဒေါ်င်ခါးရပ်ကွက်သည် ဒီးမော့ဆိုမြို့မှ ပဲခူးတိုင်း၊ တောင်ငူမြို့ဘက်သို့ ထွက်သည့် အဝေးပြေးလမ်းမကြီး၏ဘေးတွင် တည်ရှိ သည့် ရပ်ကွက်ကြီး ဖြစ်သည်။

ဒီးမော့ဆို PDF အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက "သူတို့ စစ်အင်အားတွေ ထပ်ပြီး ပို့လွှတ်နေတယ်။ ဒါပေမယ့် ကျနော်တို့က ရအောင် တားမယ်။ ဒီကောင်တွေကို ကျနော်တို့က တတ်နိုင်သလောက် တားမယ်။ ဒီမြို့ကို လာထိန်းချုပ်လို့ မရအောင် ကျနော်တို့ တတ်နိုင်သမျှ တားမှာပါ" ဟု ပြောသည်။

ကရင်နီအမျိုးသား ကာကွယ်ရေးတပ် (KNDF) ၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံက ၎င်းတို့ရထားသည့် သတင်းများ အရ တောင်ငူဘက်မှတဆင့် တက်လာသည့် စစ်ကောင်စီတပ်များမှာ ဒီးမော့ဆိုမြို့နယ်တွင်းသို့ ရောက်လာခြင်း မရှိသေးပါဟု ပြောသည်။ KNDF ၏ ပြန်ကြားရေး တာဝန်ခံက "တပ်ကတော့ စစ်ကြောင်းတွေ လာမှာပဲ။ ဒီအပေါ်မှာ ကျနော်တို့ ရင်လည်း မခုန်ဘူး။ တပ်က အထိခိုက်များလို့ စစ်ကူတွေ လာတာလို့ ကျနော်တို့ နားလည်တယ်။ သူတို့ ထပ်လာရင် ထပ်တိုက်မှာပါ။ တောင်ငူ ဘက်ကပဲ လာလာ၊ ဆီဆိုင်ဘက်ကပဲ လာလာ၊ ဒီဘက်ရောက်ရင် တိုက်ဖို့ပဲ ပြင်ပါမယ်။ ကျနော်တို့ ပြည်နယ်၊ ကျနော်တို့ ရွာ၊ ကျနော်တို့အိမ်ကို ကျနော်တို့ ကာကွယ်တာပါ။ ရတဲ့နည်းနဲ့ ကာကွယ်မှာပဲ " ဟု ပြောသည်။ စစ်ကောင်စီနှင့် PDF တပ်များကြား ဒီးမော့ဆို၊ လွိုင်ကော်၊ ဖရူဆိုတို့တွင် တိုက်ခိုက်နေခြင်းများကြောင့် ကျေးရွာပေါင်း ၁၅၀ ကျော်မှ အရပ်သား တသိန်းကျော်သည် မေ ၂၃ ရက်မှစ၍ နေရပ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေရသည်။ https://burma.irrawaddy.com/news/2021/06/09/242737.html

## ၄။ ချင်းပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင် ၂၇ ဦးသေဆုံး

11 June, 2021

ချင်းပြည်နယ် ထန်တလန်မြို့နယ်မှာ ဇွန်လ ၁၀ ရက် မနက် ၁၀ နာရီလောက်က CDF-ထန်တလန်နဲ့တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီတပ်ဘက်က ဗိုလ်ကြီး တစ်ယောက်အပါအဝင် ၁၇ ယောက် ကျဆုံးသွားတယ်လို့ CDF အဖွဲ့က ထုတ်ပြန်ပါတယ်။ အကြမ်းဖက်စစ်ကောင်စီတပ်တွေဟာ ဇွန်လ ၈ ရက်နေ့ကတည်းက ထန်တလန်မြို့နယ် ခွာဟရီန်း တောင်ကြောတစ်လျှောက် အင်အားဖြည့် ထိုးစစ်ဆင်လာတာကြောင့် တိုက်ပွဲ ဖြစ်ပွားရတာလို့ ဆိုပါတယ်။

ဒ့ါအပြင် ဇွန်လ ၁၀ ရက် ညနေ ၃ နာရီလောက်မှာလည်း ဟားခါးမြို့နဲ့ ဂန့်ဂေါမြို့အကြား အကြမ်းဖက်စစ်ကောင်စီတပ်နဲ့ CDF-Hakha တပ်ရင်းအကြား ပစ်ခတ်တိုက်ခိုက်မှု ရှိခဲ့ပြီးတော့ စစ်ကောင်စီဘက်က ၁၀ ယောက်သေဆုံးခဲ့ပြီး CDF-Hakha ဘက်မှ ထိခိုက်သေဆုံးမှုမရှိခဲ့ဘူးလို့ ထပ်မံထုတ်ပြန်ထားပါတယ်။ http://burmese.dvb.no/archives/469113

************

## ၅။ AA စစ်ဦးစီးချုပ်၏ ညီနှင့်ညီမ အပါအဝင် တရားစွဲခံထားရသူ ၁၀ ဦး ပြန်လွတ်

9 June 2021

ရက္ခိုင်စစ်တပ် (AA) နှင့် ဆက်စပ်၍ အကြမ်းဖက် ဥပဒေပုဒ်မများဖြင့် တရားစွဲဆိုထားသည့် အမှု ၂ မှုကို အနောက်ပိုင်း ခရိုင်တရားရုံးက အပြီးအပြတ် တရားသေလွှတ်ကြောင်း ယနေ့ (ဇွန် ၉ ရက်) ဆုံးဖြတ်လိုက်သဖြင့် တရားစွဲဆိုခံထားရသူ ၁၀ ဦးလုံး ပြန်လည် လွတ်မြောက်လာပြီ ဖြစ်သည်။ အဆိုပါ အမှု ၂ မှုမှာ AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီမ မမိုးနှင်းဖြူနှင့် ယောက်ဖ ကိုကျော်နိုင်တို့အမှု၊ ဗိုလ် ချုပ်ထွန်းမြတ်နိုင်၏ ညီတော်စပ်သူ ကိုအောင်မြတ်ကျော် အပါအဝင် ၈ ဦးတို့၏ ရခိုင်အသင်း (စင်္ကာပူ) အမှုတို့ ဖြစ်သည်။ မမိုးနှင်းဖြူနှင့် ကိုကျော်နိုင်သည် AA တပ်ဖွဲ့ဝင်များနှင့် ဆက်စပ်မှုရှိခြင်း၊ မန္တလေးမြို့တွင် လက်နက်ခဲယမ်းများ ဖမ်းမိသည့် အမှုနှင့် ဆက်စပ်မှုရှိခြင်း၊ ရခိုင်အသင်း (စင်္ကာပူ)သည် AA ကို ငွေကြေးထောက်ပံ့ခြင်း၊ ပံ့ပိုးခြင်းများ ပြုလုပ်သည်ဟူသော စွပ်စွဲချက်များဖြင့် ၂၀၁၉ အတွင်း ဖမ်းဆီးခဲ့ပြီးနောက် အကြမ်းဖက်ဥပဒေပုဒ်မများဖြင့် တရားစွဲဆိုခံထားရခြင်း ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းထားချက်အရ အမှုတခုကို တရားသေလွှတ်ခြင်း ဆိုသည်မှာ တရားစွဲဆို ခံထားရသည့် အမှုမှ အပြီးအပြတ် လွှတ်ခြင်းဟု ပြဋ္ဌာန်းထားပြီး ထိုကဲ့သို့ တရားသေ လွှတ်လိုက်လိုက်သည့် အမှုများသည် တရားစွဲဆိုခံထားရသူအား နောင်တွင် ထပ်မံ တရားပြန်ဆွဲမှု မရှိတော့ခြင်း ဖြစ်သည်။ တရားလိုဘက်မှ ကျေနပ်မှုမရှိပါက အယူခံဝင်နိုင်ပြီး အယူခံဝင်ရာတွင်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးထံ တိုက်ရိုက် တင်ပြရမည်ဟု ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ စစ်တပ် နှင့် AA ကြား နှစ်ဦးနှစ်ဖက် ပြေလည်ပြီးနောက်တွင် ၎င်းတို့ ပဋိပက္ခကြောင့် ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မြို့နယ်များကို ရွေးကောက်ပွဲ ပြန်ကျင်းပပေးရန် နှစ်ဖွဲ့လုံးက တောင်းဆိုမှုပြုခဲ့သည်။ https://burma.irrawaddy.com/news/2021/06/09/242718.html

***************

## ၆။ လှိုင်ကော်တွင် အကြမ်းဖက်စစ်တပ်က လက်နက်ကြီးဖြင့်ပစ်ခတ်၊ လူငယ် ၁ ဦး သေဆုံး

10 June, 2021

ကယားပြည်နယ်၊ လှိုင်ကော်မြို့မှာ ဇွန်လ ၉ ရက်ညက အကြမ်းဖက်စစ်ကောင်စီတပ်တွေက လူနေရပ်ကွက်တွေကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်ရာမှာ ပစ်လိုက်တဲ့လက်နက်ကြီး ကျည် နမ့်ဝေါဝမ်ရပ်ကွက်ထဲကျရောက်ပြီး လူငယ် ၂ ယောက်ကို ထိမှန် ၁ ယောက် သေဆုံးသွားပါတယ်။

လှိုင်ကော်မြို့ပြင် ဧက ၅၀၀ လို့ခေါ်တဲ့အရပ်ဘက်မှာ ပစ်ခတ်မှုဖြစ်ပွားခဲ့တာ ဖြစ်ပြီး လက်နက်ကြီးတွေက နေရာအနံ့ကျရာမှာ နမ့်ဝေါဝမ်ရပ်ကွက်ရှိ နေအိမ် ၁ လုံးပေါ်လည်း ကျရောက်ခဲ့ကြောင်း၊ လက်နက်ကျည်ဟာ ခေါင်မိုးကိုဖောက်ပြီး အိမ်ထဲမှာ အိပ်နေတဲ့ ညီအစ်ကိုနှစ်ယောက်ပေါ်ကျလာတာလို့ လှိုင်ကော်ဒေသခံတစ်ဦးက ဒီဗွီဘီကို ပြောပါတယ်။ “ကျမတို့

လွိုင်ကော်မှာ ခါတိုင်းညလည်း ပစ်ခတ်သံတွေကြားတယ်၊ ဒါပေမဲ့ မနေ့ညကတော့ တော်တော်ဆိုးတယ်၊ ည ၈ နာရီခွဲ ၉ နာရီ လောက်စကြားတာ၊ တဒိုင်းဒိုင်းနဲ့ စက်သေနတ်နဲ့ ပစ်သလိုပဲ၊ ဖြစ်တာက လွိုင်ကော်မြို့ပြင် ဟိုး ဧက ၅၀၀ ဘက်မှာ၊ ဒါပေမဲ့ လွိုင်ကော်မြို့ထဲထိ ကြားတယ်၊ ဘယ်အဖွဲ့နဲ့ပစ်လဲတော့ မသိဘူး၊ တချို့ကတော့ စစ်ကောင်စီနဲ့ ကရင်နီကာကွယ်ရေးတပ်တွေလို့ပြောတယ်။ သူတို့မြို့ပြင်ဘက်ပစ်ပြီး လွိုင်ကော်မြို့ထဲမှာ ထပ်လာပစ်တယ်၊ မြို့ထဲ မှာတော့ တဘက်သတ် ပစ်တဲ့အသံပဲ။ ကျမတို့ တံခါးတွေပိတ် မီးတွေပိတ်ပြီး အပြင်မထွက်ရဲဘူး။ မနက်မိုးလင်းတော့ နမ့်ဝေါ်ဝမ်ရွာက အိမ်တလုံးကို လက်နက်ကြီး ထိတယ်၊ ညီအကို နှစ်ယောက်က အိမ်ထဲမှာအိပ်နေတုန်း လက်နက်ကြီးက ခေါင်မိုးကို ဖောက်ပြီးကျလာတာ၊ အကိုလား ညီလား မသိဘူး ပွဲချင်းပြီး သေဆုံးပြီး တယောက်က ဒဏ်ရာရတယ်” ။

စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ မနေ့မနက် ၁၀ နာရီလောက်က လွိုင်ကော်မြို့အနီးပတ်ဝန်းကျင် ကိုရောက်လာတယ်လို့ ကရင်နီ ပြည်လူငယ်များသမဂ္ဂ(UKSY) ကလည်း ထုတ်ပြန်ထားပါတယ်။ http://burmese.dvb.no/archives/469044

***************

## ၇။ မင်းတပ်တွင် တိုက်ပွဲကြောင့် ဒေသခံပြည်သူသောင်းချီ ဘေးလွတ်ရာတိမ်းရှောင်

10 June, 2021

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင်တွေက ပစ်ခတ်တိုက်ခိုက် ဖမ်းဆီးနေတာကြောင့် ဒေသခံပြည်သူ သောင်းနဲ့ချီပြီး ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင် နေကြရပါတယ်။ ထွက်ပြေးတိမ်းရှောင်လာတဲ့ ပြည်သူ တွေကို စောင့်ရှောက်ထားတဲ့ အကြီးဆုံး စစ်ဘေးရှောင်စခန်း ၂ ခုကိုလည်း ဇွန်လ ၆ ရက်နေ့မှာ စစ်ကောင်စီတပ်ဖွဲ့ တွေက ပိတ်ဆို့ ထိုးစစ်ဆင်ခဲ့တာကြောင့် ပြည်သူ ၄၀၀၀ ကျော် ထပ်မံ ရွှေ့ပြောင်းနေရတယ်လို့ ကူညီကယ်ဆယ်ရေးလုပ် ဆောင်နေသူ တစ်ယောက်က ပြောပါတယ်။

မင်းတပ်ဘက်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက လမ်းကြောင်း ၂ ကြောင်းနဲ့ ချီတက် လာတာဖြစ်ပြီး ရှပ်ရွာဘက်ကို တက်လာ တဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်အင်အား ၁၀၀ နီးပါးနဲ့ မင်းတပ်ပြည်သူ့ကာကွယ်ရေးတပ်တို့အကြား ပြီးခဲ့တဲ့ရက်က တိုက်ပွဲဖြစ် ပွားခဲ့ပါတယ်။ မင်းတပ်မြို့ထဲမှာရှိတဲ့ ၂၇၄ တပ်ရင်းကလည်း လက်နက်ကြီးပစ်ကူနဲ့ တိုက်ခိုက်ခဲ့တာကြောင့် မင်းတပ်ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဘက်က တစ်ယောက် ကျဆုံးခဲ့သလို စစ်ကောင်စီဘက်ကလည်း ထိခိုက်ကျဆုံးမှုရှိတယ်လို့ မင်းတပ် PDF တပ်ဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။

ဇွန်လ ၆ ရက်ကလည်း မင်းတပ်မြို့ရဲ့အရှေ့မြောက်ဘက် တောင်ကြားလမ်းက ထိုးစစ်ဆင်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင် တွေနဲ့ မင်းတပ်ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပြီး စစ်ကောင်စီဘက်ကဆယ်ဂဏန်း သေဆုံးခဲ့ကာ မင်းတပ် ပြည်သူ့ ကာကွယ်ရေး တပ်ဘက်ကလည်း ၃ ယောက်ကျဆုံးခဲ့ပါတယ်။ မင်းတပ်မြို့မှာ စစ်ကောင်စီက နိုင်ငံတကာဥပဒေတွေကို ချိုးဖောက် ကျူးလွန်နေတဲ့ ပြစ်မှုတွေကို နိုင်ငံတကာစစ်ခုံရုံးမှာ တိုင်ကြားသွားမှာဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အကူညီတွေ ရရှိနိုင်ဖို့ ကူညီသွားမယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရက သတင်းထုတ်ပြန်ထားပါတယ်။ http://burmese.dvb.no/archives/469045

*************

## ၈။ သံတွဲ PDF ဖွဲ့စည်းမှု ဂယက်ရိုက်

10 June 2021

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Thandwe People Defence Force – TPDF ) ဖွဲ့စည်း ခြင်းနှင့်ပတ်သက်ပြီး ဒေသတွင်း ဂယက်ရိုက်လျက်ရှိသည်။ အဆိုပါ သံတွဲပြည်သူ့ကာကွယ်ရေးအဖွဲ့ကို “ပါဝင်ထိုက် ပါဝင် သင့်သည့် နိုင်ငံရေးအင်အားစုများနှင့် အကြမ်းဖက်စစ် ကောင်စီအား ဆန့်ကျင် တော်လှန်လျက်ရှိသော ရဲဘော်များ စုစည်း ညှိနိုင်း၍ ဇွန်လ ၇ ရက်နေ့က စတင် ဖွဲ့စည်းတည်ထောင်” လိုက်ကြောင်း ၎င်းအဖွဲ့က ဖေ့စ်ဘွတ်လူမှု ကွန်ရက်ပေါ်တွင် ထုတ်ပြန်ခဲ့သည်။

စစ်ကောင်စီကို တော်လှန်တိုက်ခိုက်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံတွင်း စစ်တိုင်း ၅ တိုင်းဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF) ကို မေ ၅ ရက်က ဖွဲ့စည်းလိုက်ပြီ ဖြစ်ကြောင်း ကြေညာထားသည်။ သံတွဲဒေသခံ တဦးက " PDF ဖွဲ့တာတော့ လိုင်းပေါ်မှာ တွေ့တာလောက်ပဲ၊ ဘယ်သူတွေနဲ့ ဖွဲ့တယ်ဆိုတာတော့ မသိဘူး။ PDF အနေနဲ့ လှုပ်ရှားမယ်ဆိုရင်လည်း ဒီမှာက တခြား ဒေသတွေမှာလို လုပ်စရာတွေ သိပ်မရှိဘူးလို့ မြင်တယ်။ လုပ်မယ်ဆိုရင် နယ်မြေခံ တပ်တွေကို ဝင်တိုက်ဖို့ တခုပဲ ရှိတာပေါ့။ သူတို့ (PDF ) လုပ်နိုင် မလုပ်နိုင်ကို စောင့်ကြည့်ရမယ်" ဟု ရောဝတီသို့ ပြောသည်။

သံတွဲမြို့နယ် ဒွါရာဝတီ မျိုးချစ်လူငယ်များအဖွဲ့က ထိုသို့ TPDF ဖွဲ့စည်းခြင်းသည် ၎င်းမြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူလူထု၏ ငြိမ်းချမ်းစွာ နေလိုသော ဆန္ဒနှင့် သဘောထားကို မျက်ကွယ်ပြု ဆန့်ကျင်သည့် လုပ်ရပ်ဖြစ်သည်ဟု ယူဆသည့်အတွက် "ရခိုင်ပြည်သူ တရပ်လုံးနှင့်အတူ ပြင်းပြင်းထန်ထန် ကန့်ကွက် ရှုတ်ချကြောင်း" ဇွန်လ ၈ ရက်နေ့က ထုတ်ပြန်သည်။ TPDF ကမူ သံတွဲမြို့နယ်မှ "ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအား အကြမ်းဖက် စစ်ကောင်စီ တပ်များ၏ရန်မှ အကာအကွယ်ပေးရေး ၊ NUG ၊ CRPH အပါအဝင် အကြမ်းဖက်စစ်ကောင်ကို တော်လှန်တိုက်ခိုက်နေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်လျက် ဟန်ချက်ညီသော နိုင်ငံရေး၊ စစ်ရေးတိုက်ပွဲများ စနစ်တကျ ဖော်ဆောင်နိုင်သွားမည်" ဟု ထုတ်ပြန်ချက်ထားသည်။ https://burma.irrawaddy.com/news/2021/06/10/242799.html

***************

## ၉။ စစ်တပ်၏ သတ်ဖြတ်မှုကြောင့် ရက် ၁၀၀ ကျော်အတွင်း လူပေါင်း ၉၀၀ နီးပါး သေဆုံး

10 June 2021

စစ်တပ် အာဏာသိမ်းပြီးနောက် ရက်ပေါင်း ၁၀၀ ကျော်အတွင်း အာဏာသိမ်းမှုကို လက်မခံသည့် ပြည်သူများကို အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုများ ပြုလုပ်နေဆဲပင်ဖြစ်ရာ သေဆုံးသူ ၈၅၈ ဦးအထိ ဖြစ်လာပြီ ဖြစ်ကြောင်း သိရသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှ ကောက်ခံရရှိသည့် စာရင်းများအရ ဇွန်လ ၉ ရက် အထိ စစ်တပ် အာဏာသိမ်းသည့် ရက်ပေါင်း ၁၂၉ ရက်အတွင်း သေဆုံးခဲ့သည့် ပြည်သူ ၈၅၈ ဦး ရှိပြီဖြစ်သည်။

အဆိုပါ အရေအတွက်သည် AAPP မှ ကောက်ယူရရှိထားသည့် အရေအတွက်ဖြစ်ပြီး မြေပြင်တွင် သေဆုံးခဲ့သူအရေအတွက် မှာ ပိုမို များပြားနိုင်ပြီး သေဆုံး အတည်ပြု စာရင်းများကို ထပ်မံ ရရှိပါက ထည့်သွင်း ဖော်ပြမည် ဖြစ်ကြောင်း AAPP က ဆို သည်။ ထိုကဲ့သို့ သေဆုံးမှုများတွင် ရန်ကုန်တိုင်းတွင် အများဆုံးဖြစ်ပြီး၂၄၇ ဦး၊ ဒုတိယအများဆုံး သေဆုံးခဲ့သည့်နေရာမှာ ၂၀၂ ဦး ဖြင့် မန္တလေးတိုင်းတွင် ဖြစ်ကြောင်း သေဆုံးမှု စာရင်းများကို ပြုစု ထုတ်ပြန်နေသည့် The Insights အဖွဲ့က သိရသည်။ ထို့ပြင် The Insights အဖွဲ့၏ အချက်အလက်များအရ သေဆုံးခဲ့သူများတွင် လူငယ်လူရွယ်များသည် အများဆုံးဖြစ်သည်။ အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိ သေဆုံးသူသည်၂၅၄ ဦး ၊၂၆ နှစ်မှ ၃၅ နှစ်အထိ ၁၈၅ ဦးနှင့် ၃၆ နှစ်မှ ၄၅ နှစ်အထိ ၁၂၆ ဦး တို့သည် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် နက်ပရိုက်စ်က"မြန်မာစစ်တပ်ဟာ သူ့ရဲ့ပြည်သူတွေအပေါ်အကြမ်းဖက်မှုတွေ ရပ်ကိုရပ်တန့်ရမှာဖြစ်ပါတယ်။ မြန်မာပြည်သူ လူထုတွေက စစ်အာဏာသိမ်းမှု ကန့်ကွက်ပယ်ချနေပြီး မြန်မာနိုင်ငံကို ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပြန်လည်ဖော်ဆောင်ရေးကြိုးပမ်း အားထုတ်နေတာကို ကျနော်တို့ အားပေးထောက်ခံပါတယ်" ဟု ဆိုသည်။ စစ်ကောင်စီ အာဏာသိမ်းသည့် ဖေဖော်ဝါရီလ ၁ ရက်မှ ဇွန်လ ၉ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူ ၄,၇၈၂ ဦး ရှိ ပြီး ၎င်းတို့အနက် ၁၆၃ ဦး ထောင်ဒဏ် ချမှတ်ခြင်းခံထားရပြီး ဖမ်းဝရမ်း ထုတ်ခံထားရခြင်းကြောင့် တိမ်းရှောင်နေသူ ၁,၉၃၆ ဦး ရှိကြောင်း AAPP က ထုတ်ပြန်ထားသည်။ https://burma.irrawaddy.com/news/2021/06/10/242775.html

*****************

**၁၀။ စစ်တပ်အာဏာသိမ်းပြီးနောက် မူဆယ်တွင် ကားခိုးမှုနှင့် လောင်းကစားဝိုင်းများ ပိုမိုများပြားလာ**

11 June, 2021

စစ်တပ်က တရားမဝင်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှာ နေ့စဉ်ပျမ်းမျှ ကားတစ်စီး အခိုးခံနေရတယ်လို့ မြို့နေလူထုဆီက သိရပါတယ်။ အာဏာမသိမ်းခင်ကလည်း ကားခိုးခံရတာမျိုးရှိခဲ့ ဖူးပေမဲ့ စစ်တပ်အာဏာသိမ်းခံရပြီးနောက်မှာ နေ့စဉ် ဆက်တိုက်ခိုးခံနေရပြီး ကားခိုးမှုတွေပိုမိုများပြားလာတယ်လို့ ဆိုပါတယ်။

"အရင်ကလည်း ကားတွေခိုးတာရှိတယ်။ ဒါပေမဲ့ အခုလိုနေ့တိုင်းတော့အခိုးမခံရဘူး၊ ခုက လောင်းကစားဝိုင်းတွေ ပေါလာတော့ ခိုးတာ ၊ လုတာက နေ့တိုင်းဖြစ်နေတာ "လို့ မူဆယ်မြို့သားတစ်ယောက်က ပြောပါတယ်။ စစ်တပ်က အာဏာသိမ်းပြီးနောက် မူဆယ်မြို့မှာ လောင်းကစားဝိုင်းတွေလည်း ပိုများလာပြီး မူးယစ်ဆေးသုံးစွဲတာတွေ တွင်ကျယ်လာတာကြောင့် နေ့တိုင်းကားခိုးခံရတာ ၊ဆိုင်ကယ်ခိုးခံရတာနဲ့ လုယက်ခံရတာတွေနေ့တိုင်းဖြစ်နေပေမယ့် တာဝန်ရှိသူတွေကတော့ ဘာမှ တာဝန်ယူလုပ်ဆောင်တာ မရှိဘူးလို့ သိရပါတယ်။

မူဆယ်မြို့ကကားတွေအများစုဟာ လိုင်စင်မဲ့ကားတွေဖြစ်ပြီး လိုင်စင်နဲ့ကားတွေ ရှားတယ်လို့ဆိုပါတယ်။ အခိုးခံရတဲ့ကားတွေက လိုင်စင်မဲ့ကားတွေဖြစ်ပြီး နေအိမ်ရှေ့ခဏ ရပ်ထားရင်ကို ပျောက်သွားတဲ့ အခြေနေဖြစ်နေပြီလို့ သိရပါတယ်။

http: //burmese.dvb.no/archives/469116

****************

**၁၁။ ယုဇန ကုမ္ပဏီထံမှ သိမ်းယူထားသောမြေယာနှင့်ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ ရယူခြင်းမပြုရန် KIO သတိပေး**

11th June 2021

ဟူးကောင်းချိုင့်ဝှမ်းဒေသ ယုဇနကုမ္ပဏီပိုင်ဆိုင်သောမြေယာများကို ကချင်လွတ်လပ်ရေးအဖွဲ့ KIO က သိမ်းပိုက်ထားပြီဖြစ်သောကြောင့် လက်ရှိထိုမြေနေရာများတွင် စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းများအတွက် မြေယာ ဦးယူပိုင်ဆိုင်ခြင်း မပြုရန် KIO အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးရုံးက ဇွန်လ ၁၀ ရက်နေ့က ထုတ်ပြန်ထားသည်။

ယုဇနကုမ္ပဏီဝင်းအတွင်းရှိ ဂိုဒေါင်များ၊ အုပ်နံရံများနှင့် ဝန်ထမ်းဆောင်များကို KIA က မီးရှို့ဖျက်ဆီးပေးခဲ့ပြီးနောက် ၎င်းကုမ္ပဏီဝင်းတွင် နေထိုင်သည့်သူများက ဧပြီလအတွင်းမှာ ပြင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၂၀၀၆ ခုနှစ် ဦးသန်းရွှေ စစ်ခေါင်းဆောင်လက်ထက်က ဟူးကောင်းဒေသခံဌာနေသားများ၏ မြေဧက ၂ သိန်းကျော်ကို ယုဇနကုမ္ပဏီက သိမ်းယူကာ လုပ်ကိုင်ခဲ့ပြီး ၎င်းတို့က လီဒိုလမ်းတစ်လျှောက် အာဏာသိမ်းစစ်တပ်ရင်းများနှင့် ပြည်သူ့စစ်များက ကာကွယ်မှု ပေးခဲ့ကြကြောင်း သိရသည်။

https://burmese.kachinnews.com/2021/06/11/june-11-y-1/

****************

**၁၂။ ကချင်တွင် လပိုင်းအတွင်း စစ်ရှောင်အသစ်ထပ်တိုးလာကြောင်းနှင့် ကူညီထောက်ပံ့မှုလိုအပ်နေကြောင်း အရပ်ဘက်အဖွဲ့အစည်းများထုတ်ပြန်**

9th June 2021

ကချင်ပြည်နယ်တွင် ဖြစ်ခဲ့သော လများအတွင်း တိုက်ပွဲများကြောင့် စစ်ရှောင်လူဦးရေ ၈၅၀၀ ခန့် ထွက်ပေါ်ခဲ့ပြီး အများစုမှာ မိုးမောက် ၊ မံစီနှင့် ရွှေကူမြို့နယ်များမှ ဖြစ်ကြောင်း Joint Strategy Team ၏ ထုတ်ပြန်ချက်မှ သိရသည်။ ယနေ့ ကချင်ဒေသတကျော့ပြန်စစ်ပွဲ ၁၀ နှစ်ပြည့်နေ့တွင် ကချင်အရပ်ဘက်ကူညီရေးအဖွဲ့များပူးပေါင်းထားသော JST ၏ ထုတ်ပြန်ချက်တွင် မိုးမောက်၊ မံစီနှင့် ရွှေကူ မြို့နယ်အတွင်းနေရာ ၄၂ ခုမှ စစ်ရှောင်အသစ် ၆၀၀၀ ခန့် ထွက်ပေါ်လာကြောင်း ဆိုထားသည်။ စစ်ပွဲ ၁၀ နှစ်ပြည့်အစီစဉ်ကို လက်ရှိနိုင်ငံရေးအခြေအနေကြောင့် ယခင်နှစ်များလို အစီစဉ်ကြီးဖြင့် ပြုလုပ်နိုင်ခြင်းမရှိဘဲ စစ်ရှောင်စခန်းများတွင် ဆုတောင်းခြင်းသာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် တကျော့ပြန်စစ်ပွဲကြောင့် ယခင်ကတည်းက စစ်ရှောင် ၁ သိန်းကျော်ရှိနေပြီးဖြစ်ကာ အများစုသည် ၂၀၂၁ နှစ်ဆန်းတွင် နေရပ်ပြန်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့သော် စစ်တပ်အာဏာသိမ်းလိုက်သောကြောင့် စစ်ရှောင်များမှာ နေရပ်ပြန်ရန် ပိုမို စိုးရိမ်သွားခဲ့ကြောင်း ပြောဆိုနေကြသည်။ ပြီးခဲ့သည့်လပိုင်းအတွင်း အင်ဂျန်ယန်၊ မိုးမောက်၊ မံစီ၊ ရွှေကူ နှင့် ဖားကန့် မြို့နယ်များတွင် တိုက်ပွဲ ပြန်လည်ဖြစ်ပွားလာသောကြောင့် ဒေသခံများမှာ စစ်ရှောင်အသစ်အဖြစ် ထွက်ပြေးခိုလှုံနေရကြောင်း သိရသည်။

https://burmese.kachinnews.com/2021/06/09/june-9-s1/

**************

## ၁၃။ လိုင်ဇာမြို့အနီး ခယာဘွမ်တွင် ရိက္ခာပို့နိုင်ရန် ဒေါ့ဖုန်းယန် မှ ကားလမ်းတစ်လျှောက် စစ်အင်အားတိုးချဲ့ချထား

9th June 2021

KIO ဗဟိုဌာနချုပ် လိုင်ဇာမြို့အနီး ခယာဘွမ် (Hka Ya) ရှိ အာဏာသိမ်းစစ်တပ်ကို ရိက္ခာပို့ရန် ဒေါ့ဖုန်းယန်မှ ခယာကျေးရွာအထိ လမ်းတစ်လျှောက် စစ်အင်အား ၅၀၀ ကျော် ချထားကြောင်း စုံစမ်းသိရှိရသည်။

ဗန်းမော်-ဒေါ့ဖုန်းယန်-လိုင်ဇာ လမ်းကြောင်းတစ်လျှောက် အာဏာသိမ်းစစ်တပ်၏ ယာဉ်တန်းသွားလာမှုကို ကချင်လွတ်လပ်ရေးတပ်မတော် KIA က ကြားဖြတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သောကြောင့် စစ်တပ်က အဆိုပါ လမ်းကြောင်းတစ်လျှောက် စစ်အင်အားအလုံးအရင်းဖြင့် ချထားသည်ကို တွေ့ရကြောင်း အမည်မဖော်လိုသူ ပြည်သူတစ်ဦးက ပြောပြလာသည်။

ယခုလိုကျေးရွာတိုင်း စစ်အင်အားချထားမှုမှာ နှစ်စဉ် ခယာဘွမ်သို့ ပို့နေကျ ရိက္ခာပို့ဆောင်ရေးအတွက် လုံခြုံရေးယူပေးသောတပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ ခယာ (Hka Ya)၊ နားလုံ (Na Lung)၊ လဂျားယန် (La Ja Yang)၊ တုန်ဟုန်း (Dung Hung)၊ လွယ်မောက် (Loi Mawk)၊ ခလား(Hka La)၊ ဒဂါ(Daga)နှင့် ဒေါ့ဖုန်းယန် (Daw Hpum Yang) စသောကျေးရွာတို့တွင် စစ်အင်အား ချထားကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်း ၇နာရီခွဲကလည်း ဒေါ့ဖုန်းယန်အခြေစိုက် ခလရ (၁၄၂) တပ်ရင်းမှ စစ်ရိက္ခာသယ်သည့်ကား ယာဉ်တန်း ၁၃ စီးက ခယာဘွမ်သို့ တက်သွားကြောင်း ဒေါ့ဖုန်းယန်ဒေသခံများက ဆိုသည်။

https://burmese.kachinnews.com/2021/06/09/june-9-y1/

*****************

## ၁၄။ ရှဒူးဇွပ်စစ်ရှောင်များ ရေဘေးမှလွတ်မြောက်ရေး နေရာအသစ်တွင် ပြောင်းရွှေ့ရန်ခက်ခဲနေ

8th June 2021

နှစ်စဉ် ရေဘေးဒဏ် ကြုံတွေ့နေရသည့် တနိုင်းလီဒိုလမ်းမပေါ်ရှိ ရှဒူးဇွပ်ကျေးရွာ စစ်ရှောင်ပြည်သူများက စစ်ရှောင်နေရာအသစ်သို့ ရွှေ့ပြောင်းနေထိုင်လိုသော်လည်း ငွေကြေးအခက်အခဲကြောင့် အကောင်ထည်မဖော်နိုင်သေးကြောင်း သိရသည်။ ထို့ကြောင့် ယခုနှစ်မိုးတွင်းကိုလည်း ရေဘေးဒဏ်ဖြင့် ထပ်မံကျော်ဖြတ်ရမည်ကို စိုးရိမ်ကြောင်း စစ်ရှောင်တာဝန်ခံ က ပြောသည်။

စစ်ရှောင်စခန်းတွင် စစ်ရှောင်အိမ်ထောင်စု ၂၅ ခုနှင့် လူဦးရေ ၁၀၀ ကျော်ခန့်ရှိနေပြီး ၎င်းတို့က စားဝတ်နေရေး ခက်ခဲသည့်အတွက် ကူညီထောက်ပံ့မှု လိုအပ်နေကြောင်း သူကဆက်ဆိုသည်။ ရှဒူးဇွပ်စစ်ရှောင်စခန်းတွင် ခေါင်မိုးအထိ ရေကြီးရေလျှံဖြစ်နေပြီး စစ်ရှောင်များ ရေဘေးဒဏ်ကိုကြုံတွေ့နေရသည်မှာ ၂ နှစ်ရှိပြီ ဖြစ်သည်။

၎င်းတို့ ပြောင်းရွှေ့လိုသောနေရာမှာ အောင်ရာကျေးရွာ ကချင်နှစ်ခြင်းခရစ်ယာန် ဘုရာကျောင်းဝင်း၏ အနောက်ဘက်တွင်ရယူထားသော မြေ ၈ ဧကခန့်ကျယ်သော နေရာတွင်ဖြစ်သည်။ သို့သော် ငွေကြေးမတတ်နိုင်သည့်အတွက် မြေနေရာရှင်းလင်းပြီး တပ်ခြံကာထားနိုင်သည့် အဆင့်တွင်သာရှိနေသေးကြောင်း စစ်ရှောင်များ၏ ပြောဆိုချက်မှသိရသည်။ ရှဒူးဇွပ်

စစ်ရှောင်များသည် ၂၀၁၇ ခုနှစ်တွင် အာဏာသိမ်းစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ တိုက်ပွဲဖြစ်ပွားလာသည့်အတွက် လော့ဂျာမှ ထွက်ပြေးလာသူများဖြစ်သည်။

https://burmese.kachinnews.com/2021/06/08/june-8-y2/

****************

## ၁၅။ လွိုင်ကော်မြို့မှာ လက်နက်ကြီးထိမှန်မှုကြောင့် လူငယ်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

June 10, 2021

ယမန်နေ့(ဇွန်လ၉ရက်)နေ့ ညစနာရီခွဲအချိန်ကစပြီး ၁၀နာရီဝန်းကျင်အထိ လွိုင်ကော်မြို့တွင်းမှာအကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ပစ်ခတ်မှုကြောင့် နမ့်ဘော်ဝမ်ရပ်ကွက်အတွင်း နေအိမ်တလုံးထိမှန်ပြီး အိမ်ထဲရှိလူငယ်တစ်ဦး လက်နက်ကြီးထိမှန်ကာ နေအိမ်အတွင်းရှိတဲ့ အသက် ၂၀ ဝန်းကျင် လူငယ်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သလို နေအိမ်အချို့လည်း လက်နက်ကြီးအပိုင်းအစ ထိမှန်ခဲ့တယ်လို့ သိရပါတယ်။

လွိုင်ကော်မြို့တွင်း နမ့်ဘော်ဝမ်ရပ်ကွက်၊ ဧက ၅၀၀၊ စစ်ဆေးရုံ၊ ရေနီကန် အနီးတစ်ဝိုက်မှာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်နဲ့ လက်နက်ကိုင်တပ်ဖွဲ့ဖွဲ့က အပြန်အလှန် ပစ်ခတ်မှု ဖြစ်နိုင်တယ်လို့ လွိုင်ကော်မြို့ ဒေသခံတစ်ဦးက ပြောပါတယ်။

လွိုင်ကော် – လောပီတ လမ်းမကြီးဘေးက စစ်ကောင်စီတပ်ဖြစ်တဲ့ ၅၄တပ်ရင်းက ပစ်ခတ်တာဖြစ်တယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။ https://www.kantarawaddytimes.org/?p=13301

*****************

## ၁၆။ အကြမ်းဖက် စစ်ကောင်စီတပ်မှ အင်အား ၃၀၀ ခန့် ဆီးဘူးဒေသကနေ ဒီးမော့ဆို လမ်းကြောင်းအတိုင်း ဦးတည်ပြီး ခရီးဆက်နေ

June 9, 2021

အကြမ်းဖက်စစ်ကောင်စီတပ်မှ အင်အား ၃၀၀ ခန့်က ကယန်းပြည်သစ်ဌာနချုပ်တည်ရှိတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဆီးဘူးဒေသကို ကျော်ဖြတ်ပြီး ဒီမော့ဆိုလမ်းကြောင်းအတိုင်း ခြေလျင်ဖြင့် ခရီးဆက်နေတယ်လို့ သိရပါတယ်။

အကြမ်းဖက်စစ်ကောင်စီဖက်မှ လူအင်အား ၃၀၀ကျော်နဲ့ ရိက္ခာအပြည့်ပါတဲ့ စစ်ကားအစီး(၂၀)ကျော်က တောင်ငူမြို့ဖက်ကနေ ဇွန်လ ၇ ရက်နေ့မှာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သို-သောက်ရေခပ်-ယာဒိုလမ်းအတိုင်း ဆင်းလာပြီး ဇွန်လ ၇ ရက်နေ့ညမှာ ကရင်အမျိုးသားအစည်းအရုံး(KNU) တောင်ငူခရိုင် တပ်မဟာ(၂) ထိန်းချုပ်နယ်မြေအတွင်းဖြစ်တဲ့ ယာဒိုကျေးရွာမှာ တစ်ည တပ်စွဲခဲ့တယ်လို့ သိရပါတယ်။ ဇွန်လ ၈ ရက်နေ့ညမှာတော့ ကယန်းပြည်သစ်ဌာနချုပ်တည်ရှိတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဆီးဘူးဒေသအနီးတစ်ဝိုက်မှာ တစ်ည တပ်စွဲနားခဲ့တယ်လို့ ဒေသခံတွေ ပြောကြားချက်အရ သိရပါတယ်။

အကြမ်းဖက်စစ်ကောင်စီတပ် ခန့်မှန်းအင်အား ၄၀၀ခန့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ဖက်မှ ရှမ်းပြည်နယ်တောင်ပိုင်း ဆီးဘူးကျေးရွာကို ဖြတ်ပြီး ကရင်နီ(ကယား)ပြည်နယ် ဒီမော့ဆိုမြို့နယ် အနောက်ဖက်ခြမ်းသို့ အင်အားအလုံးအရင်းဖြင့် ဝင်လာနေပြီလို့ ကရင်နီအမျိုးသား ကာကွယ်ရေးတပ်(KNDF) သတင်းနှင့်ပြန်ကြားရေးက ဒီကနေ့ ဇွန်လ ၉ ရက်နေ့မှာ ထုတ်ပြန်ထားပါတယ်။ အကြမ်းဖက်စစ်ကောင်စီတပ်က အင်အားအများအပြားက တပ်စွဲလာမှုကြောင့် တိုက်ပွဲ ဖြစ်ပွားမှာကို စိုးရိမ်နေတဲ့အတွက် နယ်မြေဒေသခံအချို့မှာ ကြိုတင်တိမ်းရှောင်နေကြပြီလို့ သိရပါတယ်။

http://www.kantarawaddytimes.org/?p=13304

*****************

## ၁၇။ ကလေးများကို ကျောင်းပေးတက်ရန် BGF ဖိအားပေးပြောဆိုနေဟု ဒေသခံဆို

June 9, 2021

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်၊ မိဗိုင်းကျေးရွာအုပ်စု၊ ဝဲပုံကျေးရွာရှိ ဒေသခံကျေးရွာသားများကို နယ်ခြား စောင့်တပ် (BGF)မှ ခေါ်ယူ၍ ၎င်းတို့သားသမီးများကို ကျောင်းတက်ခိုင်းရန် ဖိအားပေးပြောဆိုခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ဝဲပုံကျေးရွာတွင် အထက်တန်းကျောင်းအဆင့်ထိရှိပြီး ယခင်က ဒေသခံ ကျောင်းသူ၊ ကျောင်းသား ၃၀၀ ကျော်ပညာသင်ယူနေသော်လည်း လက်ရှိတွင် ကျောင်းသူ၊ ကျောင်းသား ၁၀၀ ကျော်သာ ကျောင်းအပ်ကြ သောကြောင့် ယခုလို ခြိမ်းခြောက် ပြောဆိုခံရခြင်းဖြစ်သလို ကျောင်းအုပ်အပါအဝင် ကျောင်းဆရာ၊ ဆရာမ အားလုံးကလည်း Non-CDM (အာဏာဖီဆန်ရေးမလုပ်သူ)များ ဖြစ်ကြကြောင်း အဆိုပါ ဒေသခံက ဆက်ပြော သည်။

၎င်း ဖားအံမြို့နယ် ၊ ဝဲပုံကျေးရွာသည် ကရင်အမျိုးသားအစည်းအရုံး-KNU သထုံခရိုင်( တပ်မဟာ -၁) နယ်မြေထဲတွင်လည်း ပါဝင်နေပြီး လက်ရှိတွင် KNU အနေဖြင့်လည်း ၎င်းခြိမ်းခြောက်ခံရမှုရှိနေသည့် ဒေသခံများအတွက် တစ်စုံတစ်ရာ ကူညီဆောင်ရွက်ပေးနိုင်ခြင်းမျိုး မရှိကြောင်းနှင့် အဆိုပါ လာရောက်ခြိမ်း ခြောက်ပြောဆိုသည့် BGF တပ်ရင်းနှင့်တာဝန်ရှိသူကိုလည်း သီးခြားအတည်ပြုနိုင်ခြင်းမရှိ သေးပေ။ http://kicnews.org/2021/06/

***************

## ၁၈။ သံတောင်ကြီး ၁၃ မိုင် ပစ်ခတ်မှု စစ်ကောင်စီဘက်မှ တစ်ဦးသေဆုံး

June 9, 2021

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့ ၁၃ မိုင်တွင် ယမန်နေ့(ဇွန်လ ၈ ရက်)ညက စစ်ကောင်စီနှင့် အမည်မသိ လက်နက်ကိုင် အဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ တစ်ဦးသေဆုံးခဲ့သည်ဟု ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါ စစ်ကောင်စီနှင့် အမည်မသိလက်နက်ကိုင်အဖွဲ့တို့ ယမန်နေ့ည ၈ နာရီခွဲဝန်းကျင်တွင် အပြန် အလှန်ပစ်ခတ်မှု ဖြစ်ပွား ခဲ့ပြီး စစ်ကောင်စီဘက်မှ တစ်ဦးကျဆုံးခဲ့သည်ဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးကပြောသည်။ ထို့အပြင် ၁၃ မိုင်အဝင်ဂိတ် တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို လာရောက်ပစ်ခတ်မည့်ကိစ္စနှင့်ပတ်သက်ပြီး ယခင်လကတည်းက သတင်းများထွက် ပေါ်နေသည့်အတွက် ဒေသခံအချို့ပြောင်းရွှေ့ထားခဲ့ကြသော်လည်း ယမန်နေ့ည ကျမှသာ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် စစ်ကောင်စီဘက်မှ ရွာအတွင်း ကင်းလှည့်နေပြီး သံတောင်မြို့ ၁၃ မိုင်သည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး တောင်ငူခရိုင်(တပ်မဟာ ၂ ) ထိန်းချုပ်နယ်မြေလည်း ဖြစ်သည်။ http://kicnews.org/2021/06/

*******************

## ၁၉။ နေအိမ်အတွင်း တပ်စွဲထားသောကြောင့် ဖလူးဒေသခံအချို့ နေအိမ်မပြန်နိုင်သေး

June 8, 2021

ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် ဖလူးဒေသတွင် တိုက်ပွဲကြောင့် ထိုင်းနိုင်ငံဘက်ခြမ်းသို့ သွားရောက်တိမ်း ရှောင်ခဲ့ရ သည့် စစ်ရှောင်များသည် ဇွန်လ ၅ ရက်နေ့ကတည်းက နေရပ်သို့ပြန်လာခဲ့ကြသော်လည်း ကျေးရွာရှိ နေအိမ်များတွင် စစ် ကောင်စီတပ်က တပ်စွဲနေရာယူထားသည့်အတွက် ဒေသခံအချို့မှာ ယခုအချိန်ထိ နေအိမ်ပေါ်ပြန်တက်နေ၍ မရသေးကြောင်း ဒေသခံများက ပြောဆိုသည်။

ဖလူးလေးကျေးရွာတွင် စစ်ကောင်စီတပ်မှ တပ်စွဲထားဆဲရှိသလို ဒေသခံနေအိမ်အချို့တွင်လည်း စစ်ကောင်စီ တပ်မှ နေရာဝင် ယူပြီး တပ်စွဲထားသည့်အတွက်ကြောင့် ဒေသခံရွာသားအချို့သည် နေအိမ် ပြန်နေမရဲဘဲ လေးကေကော်မြို့သစ်အနီး ထီးမယ်ဝါးခီးကျေးရွာရှိ စာသင်ကျောင်းတွင် သွားရောက်တိမ်း ရှောင်ခိုလှုံနေကြရသည်ဟု သိရသည်။ ထို့အပြင် ဒေသခံများ၏

နေအိမ်တွင်လည်း တပ်စွဲထားသည်မကဘဲ နေအိမ်အတွင်းရှိ ပစ္စည်းများကိုလည်း ဝင်ရောက်မွှေနှောက်ပြီး ယူဆောင်သွားခဲ့သလို ဆိုင်ကယ်အချို့လည်း ပျောက်ဆုံးနေသည်ဟု စစ်ရှောင်ပြည်သူများက ပြောသည်။

ဖလူးတိုက်ပွဲဃယက်ကြောင့် လေးကေကော်မြို့သစ်အနီး ထီးမယ်ဝါးခီး ကျေးရွာရှိ စာသင်ကျောင်းနှင့် လူနေအိမ် အချို့တွင် နေအိမ်ပြန်မရသေးဘဲ လက်ရှိအချိန်တွင် တိမ်းရှောင်နေရသည့် စစ်ရှောင် ဦးရေ ၁၀၀ ကျော် ရှိနေသေး သည်ဟု သိရသည်။

http://kicnews.org/2021/06

*******************

## ၂၀။ နိုင်ငံရေးပါတီဝင်စာရင်းများ ပြုစုပြီးပေးပို့ရန် စစ်ကောင်စီ၏ UEC အကြောင်းကြား

(၁၁ မေ ၂၀၂၁)

လက်ရှိကာလတွင် နိုင်ငံရေးပါတီများအားလုံး ပြောင်းလဲမှုများရှိနိုင်ခြင်းကြောင့် ပါတီဝင်အင်အားစာရင်းများ ပြုစုပြီးပေးပို့ရန် ဇွန်လ ၁၀ ရက်နေ့က အကြောင်းကြားထားသည်ဟု စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှ သိရသည်။

ထို့အပြင် ပြည်ထောင်စု တစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက တင်ပြရမည့်အင်အားသည် တစ်ထောင်ဖြစ်သော်လည်း လက်ရှိ စည်းရုံးရရှိထားသည့် အင်အားမှာ တစ်သောင်းဖြစ်ပါက ယင်းအင်အားစာရင်းကို တင်ပြရန် ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် မွန်ညီညွတ်ရေးပါတီမှ နုတ်ထွက်ထားသည့် ပါတီဝင်များစာရင်းကိုပေးပို့ထားပြီး ဖြစ်သည့်အတွက် အသစ်ပြန်လည် ပို့ပေးရန် မလိုအပ်တော့ဟု တွဲဖက်အတွင်းရေးမှူး(၂) နိုင်စံတင်က ဆိုသည်။ နိုင်ငံရေးပါတီများသည် ပါတီမှတ်ပုံတင် ခွင့်ရပြီးသည့် အချိန်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ (စ)နှင့် နည်းဥပဒေ ၁၃ (က)တို့အရ ပါတီဝင် အင်အားများ စုစည်းပြီး သတ်မှတ်ထားသည့် ပါတီဝင်ဦးရေးကို UEC သို့ ပေးပို့ထားသော်လည်း လက်ရှိ ပါတီဝင်ဦးရေကို သိရှိနိုင်ရန် လိုအပ်သဖြင့် ပုံစံ(ဇ)ဖြင့် နှစ်စောင်ပြုစုပြီး ပေးပို့ရန် နိုင်ငံရေးပါတီအားလုံးကို အကြောင်းကြားထားသည်ဟု သိရသည်။

လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စာရင်းများအရ တည်ဆဲမှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၉၃ ပါတီ ရှိသည်။ https://burmese.monnews.org/2021/06/11

********************

## ၂၁။ ကယားတွင် တိုက်ပွဲပြင်းထန်လာဖွယ်ရှိဟု KNDF ဆို

(၁၀ ဇွန် ၂၀၂၁)

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လက်နက်ကိုင်တပ်ဖွဲ့ အင်အားအလုံးအရင်း ဖြည့်တင်းလာသဖြင့် တိုက်ပွဲပိုမို ပြင်းထန်လာနိုင်သည်ဟု ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF ၏ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံက ဆိုသည်။

စစ်ကောင်စီ၏ တပ်ဖွဲ့ဝင်များသည် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှ ရှမ်းပြည်နယ် ဆီးဘူးကျေးရွာကို ဖြတ်ပြီး ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းသို့ ခန့်မှန်းအင်အား ၃၀၀ ခန့်ဖြင့် ဝင်ရောက်လာသည်ဟု ဆိုသည်။

ထို့ကြောင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူလူထုများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် တော်လှန်ရေးအဖွဲ့အစည်းများမှ သတိရှိကြရန်နှင့် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် တိုက်တွန်းထားသည်။

လက်ရှိအချိန်တွင် စစ်ကောင်စီဘက်က တစ်ရက်ပြီး တစ်ရက် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်နေပြီး KNDF အနေနှင့် လက်နက်အင်အား မမျှသဖြင့် တပ်ဆုတ်ခွာနေရကာ ရသည့်နည်းဖြင့် ပြန်လည်ခုခံတိုက်ခိုက်နေရခြင်း ဖြစ်သည်။ ကယားပြည်နယ်အတွင်း စစ်ကောင်စီတပ်နှင့် ဒေသကာကွယ်ရေးတပ်တွေအကြား နေ့စဉ်ဆို တိုက်ပွဲများ ဖြစ်ပွားနေပြီး ဒေသခံပြည်သူ ၁ သိန်းကျော် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ဇွန်လ ၈ ရက် ရက်စွဲဖြင့် ကုသသမဂ္ဂက ထုတ်ပြန်ထားသည်။ https://burmese.monnews.org/2021/06/10

## ၂၂။ လွှတ်တော်အမတ်လောင်း မိဝေသီဖြိုးအား လုပ်ကြံသည့် အကြမ်းဖက်လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချကြောင်း မွန်ပြည်သစ်ပါတီနှင့် မွန်ညီညွတ်ရေးပါတီ ထုတ်ပြန်

(၂၀၂၁ ဇွန် ၉)

မွန်ညီညွတ်ရေးပါတီ MUP လွှတ်တော်အမတ်လောင်း မိဝေသီဖြိုးကို ဘုရားသုံးဆူအနီး ယမန်နေ့ညနေပိုင်းက ပစ်ခတ်သတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချကြောင်း မွန်ပြည်သစ်ပါတီ (NMSP)နှင့် မွန်ညီညွတ်ရေးပါတီ (MUP) တို့က ယနေ့ဇွန်လ ၉ ရက်စွဲဖြင့် သဘောထားအသီးသီး ထုတ်ပြန်ထားသည်။

မိဝေသီဖြိုးအား ပစ်ခတ်သတ်ဖြတ်လုပ်ကြံသည့်လက်သည်နှင့် အဖွဲ့အစည်းကို မွန်ပြည်သစ်ပါတီ NMSP က အလွန်ရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်အဖြစ်သတ်မှတ်၍ ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP)၏ ယနေ့ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။ လက်ရှိ နိုင်ငံရေးပြဿနာအကြား မွန်ဒေသတစ်ခုလုံး ငြိမ်းချမ်းစွာနေထိုင်နေသည့် လူမျိုးစုများအကြား ဒေသတွင်း ပဋိပက္ခ၊ လူမျိုးဘာသာရေးအသွင်ဆောင်သည့် ပဋိပက္ခမဖြစ်ပေါ်စေရေး၊ တိုင်းရင်းသားအားလုံး လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာ၌ အဟန့်အတားအနှောက်အယှက် ဖြစ်စေသည့် မည်သည့် အကြမ်းဖက်လုပ်ရပ်မျိုးကမဆို မွန်ညီညွတ်ရေးပါတီမှ ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်ထားသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နှင့် ရွာသစ်အကြားတွင် ဇွန်လ ၈ ရက် ညနေပိုင်းအချိန်ခန့်က မော်တော်ယာဉ်မောင်းနှင်လာသော မိဝေသီဖြိုးကို အမည်မသိသေနတ်သမားတစ်ဦး AK-47 သေနတ်ဖြင့် လုပ်ကြံပစ်ခတ်သတ် ဖြတ်ခြင်းဖြစ်ကြောင်း ကောက်ယူရရှိထားသော ကျည်ဆံခွံများနှင့် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခဲ့သူ များက သုံးသပ်ထားသည်။ https://burmese.monnews.org/2021/06/09

****************

## ၂၃။ TNLA မှ ဖမ်းဆီးထားသည့် ရေအိုးကျေးရွာသားတစ်ဦး ကျန်းမာရေးစိုးရိမ်နေရ

June 11, 2021

သျှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် ချောင်းဆာကျေးရွာအုပ်စု ရေအိုးကျေးရွာတွင် တအာင်း(ပလောင်)အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA )မှ ဖမ်းဆီးသွားသည့် အသက် (၅၃)အရွယ်ရှိ အမျိုးသားတစ်ဦး ကျန်းမာရေး အခြေအနေစိုးရိမ်နေရကြောင်း စုံစမ်းသိရှိရသည်။

ထိုအသက်(၅၃)နှစ်အရွယ်ရှိ ဦးထွန်းအုပ်ကို မေ (၃၀)ရက် တွင် RCSS/SSA ၏ သတင်းပေးသူဟု စွတ်စွဲကာ TNLA မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ဦးထွန်းအုပ်၏ သမီးဖြစ်သူက သျှမ်းသံတော်ဆင့် ကို ပြောသည်။ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ရေအိုးကျေးရွာနေအိမ် တချို့ မီးလောင်ကျွမ်းခဲ့ရပြီး၊ ထိုထဲတွင် ဦးထွန်းအုပ်နေအိမ်အပါအဝင်ဖြစ်သည်။ ထို့ကြောင့် ဦးထွန်းအုပ်သည် မေ (၃၀)ရက် အိမ်သန့်ရှင်းရေး ပြန်လုပ်နေစဉ် TNLAမှ လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။

ရေအိုးကျေးရွာ ဥက္ကဋ္ဌ ဦးကြာယုံ နှင့် ၎င်း ၏ သား ၂ဦးကို လွန်ခဲ့သည့် ၂လတွင် RCSS/SSA က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ထိုနေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း တိုက်ပွဲပြင်းထန်းမှုကြောင့် ပြည်သူများ ၂ လကျော် တိုက်ပွဲထွက်ပြေးတိမ်းရှောင်နေရပြီး နေအိမ် ၁၂၁ အိမ် မီးလောင်းဆုံးရှုံးခဲ့ရကြောင်း သိရသည်။

https://burmese.shannews.org/archives/22519

*****************

**၂၄။ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တာဝန်မှရပ်နားရန် KIA/KIO ညွှန်ကြား**

June 11, 2021

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး များအားလုံး CDM ဝင်၊ အလုပ်နားကြရန် ကချင်လွတ်လပ်ရေး တပ်မတော်တပ်ဖွဲ့ (KIA/KIO) က စာထုတ်ညွှန်ကြားထားကြောင်း စုံစမ်းသိရသည်။

လက်ရှိတာဝန်ထမ်းဆောင်နေသော မိုင်းယော်မြို့နယ်အတွင်းရှိ အုပ်စုအုပ်ချုပ်ရေးမှူးများ အားလုံးသည် ပြည်သူမှ ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်သည့်အတွက် ညွှန်ကြားချက် အတိုင်းသာ လုပ်ဆောင်မည် ဆိုပါက ပြည်သူများ ပိုမိုခက်ခဲကြပ်တည်းမည်ကို စိုးရိမ်ရကြောင်းလည်း ဒေသခံတစ်ဦး က သျှမ်းသံတော်ဆင့် ကိုပြောသည်။

KIO/KIA အနေဖြင့် အမိန့်ပေး ညွှန်ကြားထားသလို လုပ်ဆောင်လျှင် လုံခြုံရေးအတွက် တာဝန်ယူကြောင်း နှင့် အကယ်၍ လိုက်နာလုပ်ဆောင်ခြင်းမပြုပါက အရေးယူ အပြစ်ပေးခြင်းခံရမည်ဟု ဆိုသည်။ အုပ်စုအုပ်ချုပ်ရေးမှူးသစ်ရွေးကောက်တင်မြှောက်ပါက စစ်ကောင်စီတို့၏ မတရားဖမ်းဆီးမှုများနှင့် အကြမ်းဖက် တိုက်ခိုက်မှုများခံရမည်ကို ဒေသခံများကစိုးရိမ်နေကြပါသည်။ https://burmese.shannews.org/archives/22504

******************

**မှတ်ချက် ။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****